ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ( ၃/၂၀၂၃ )

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

၂၀၂၃ ခုနှစ် ၊ မတ်လ ၃၁ ရက်

## ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားသတ်မှတ်ခြင်းဆိုင်ရာညွှန်ကြားချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၈-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃)အစည်းအဝေးဆုံးဖြတ်ချက်အရ ဤညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လ အထိ ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားခြင်းကို ချေးငွေလက်ကျန်ပမာဏ၏ ၁ % လျာထားရန်၊

(ခ) ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထား ခြင်းကို ချေးငွေလက်ကျန်ပမာဏ၏ ၃ % လျာထားရန်။

၃။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ၂၉-၄-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ကက-၁/ဖ(၃၁၈/၂၀၂၀)၊ ၂-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ကက-၁/ဖ(၇၂၁/၂၀၂၀)နှင့် ကြီးကြပ်မှုကော်မတီညွှန်ကြားချက်အမှတ် (၇/၂၀၂၀)၊ (၁/၂၀၂၁)၊ (၂/၂၀၂၁)၊ (၂/၂၀၂၂)တို့အား ဤ ညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၄။ ဤညွှန်ကြားချက်သည် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက - ၁ / ဖ ( ၂၁၂ / ၂၀၂၃)
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

ညွှန်ကြားရေးမှူးများ၊ အထက်မြန်မာပြည်/ အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေး ကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

27/2/2025

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ